**【မြန်မာနိုင်ငံရှိ လျောင်ဒဏ်သင့်ပြည်သူများအတွက် အရေးပေါ်ထောက်ပံ့ငွေပေးအပ်ခြင်း】**

၂၀၂၅ ခုနှစ် ဧပြီလ ၂ ရက်နေ့

၁။ မတ်လ ၂၈ ရက်နေ့တွင် မြန်မာနိုင်ငံအလယ်ပိုင်း၌ လှုပ်ခတ်ခဲ့သော လျောင်ကြောင့် ဆုံးရှုံးနစ်နာခဲ့ရသည့် လျောင်ဒဏ်သင့်ပြည်သူများအတွက် အရေးပေါ်ကူညီကယ်ဆယ်ရေး ဆိုင်ရာပစ္စည်းများကို ဂျပန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (JICA) မှတစ်ဆင့် ထောက်ပံ့ပေးအပ်ရန် ဂျပန်နိုင်ငံအစိုးရကဆုံးဖြတ်ခဲ့ပြီး သဘာဝဘေးအန္တရာယ် ဆိုင်ရာအရေးပေါ်ကယ်ဆယ်ရေး ဆေးဘက်ဆိုင်ရာနည်းပညာအဖွဲ့ (JDR) ကိုလည်း စေလွှတ်ခဲ့ပါသည်။

၂။ ထို့ပြင် မြေပြင်အခြေအနေအရ များပြားလှသော လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ လိုအပ်ချက်များကို ထည့်သွင်းစဉ်းစား၍ ဂျပန်နိုင်ငံအနေဖြင့် အရေးပေါ်ကူညီထောက်ပံ့ငွေ အမေရိကန်ဒေါ်လာ (၆) သန်းခန့်ကို နိုင်ငံတကာအဖွဲ့အစည်းများမှတစ်ဆင့် ထောက်ပံ့ပေးအပ် သွားရန် အသင့်ပြင်ဆင်ထားကြောင်းကိုလည်း ဂျပန်အစိုးရကကြေညာခဲ့ပါသည်။ အဆိုပါ ထောက်ပံ့မှုဆိုင်ရာ အသေးစိတ်အချက်အလက်များကို သက်ဆိုင်ရာ နိုင်ငံတကာ အဖွဲ့အစည်းများနှင့် အမြန်ဆုံး ညှိနှိုင်းဆောင်ရွက်သွားမည် ဖြစ်ပါသည်။

၃။ ဂျပန်နိုင်ငံအစိုးရသည် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာအကူအညီများကို အမှန် တကယ်လိုအပ်နေသော မြန်မာပြည်သူပြည်သားများထံသို့ တိုက်ရိုက်ရရှိစေမည့် နည်းလမ်း များဖြင့် အစွမ်းကုန် ဆက်လက်ကူညီပံ့ပိုးပေးသွားမည်ဖြစ်ပါသည်။

(ကိုးကားချက် ၁) မြန်မာပြည်သူပြည်သားများအတွက် ဂျပန်အစိုးရ၏ လူသားချင်းစာနာ ထောက်ထားမှုဆိုင်ရာ ကူညီထောက်ပံ့မှုများ (၂၀၂၅ ခုနှစ် ဧပြီလ ၂ ရက်နေ့အထိ) (PDF(Japanese)/ PDF(English))

(ကိုးကားချက် ၂) မြန်မာနိုင်ငံတွင်လှုပ်ခတ်ခဲ့သော ငလျင်ကြောင့်ဖြစ်ပေါ်လာသည့် ထိခိုက်ပျက်စီး ဆုံးရှုံးမှုများ (၂၀၂၅ ခုနှစ် ဧပြီလ ၁ ရက်နေ့အထိ)

မြန်မာနိုင်ငံတွင် မတ်လ ၂၈ ရက် မွန်းလွဲ ၁၂ နာရီ ၅၀ မိနစ်ခန့် (ဂျပန်စံတော်ချိန် ၁၅ နာရီ ၂၀ မိနစ်ခန့်) တွင် လှုပ်ခတ်ခဲ့သောငလျင်ဒဏ်ကြောင့် သေဆုံးထိခိုက်ဒဏ်ရာရသူများ အပါအဝင် မြောက်မြားစွာသောနစ်နာသူများနှင့် ရုပ်ဝတ္ထုပစ္စည်းဆိုင်ရာ ပျက်စီးမှုများအပါအဝင် ထိခိုက် ပျက်စီးမှုအများအပြား ဖြစ်ပေါ် ခဲ့ပါသည်။ မြန်မာနိုင်ငံရှိ နိုင်ငံပိုင်မီဒီယာများ၏ ထုတ်ပြန်မှုအရ ဧပြီလ ၁ ရက်နေ့အထိ သေဆုံးသူ ၂,၇၁၉ ဦး၊ ထိခိုက်ဒဏ်ရာရရှိသူ ၄,၅၂၁ ဦး၊ ပျောက်ဆုံးနေသူ ၄၄၁ ဦးခန့်ရှိကြောင်း သိရပါသည်။ ကျန်ရှိနေသော ငလျင်ဒဏ်သင့်ဒေသများတွင် ရှာဖွေရေးလုပ်ငန်းများ ဆက်လက်လုပ်ဆောင်နေဆဲဖြစ်သောကြောင့် ထိခိုက်နစ်နာသူ အရေအတွက် ပိုမိုတိုးပွားလာနိုင်ဖွယ်ရှိပါသည်။